# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် UNODC ၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ ထုတ်ဝေသည့် အခမ်းအနားသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် တက်ရောက်ခြင်း

(၂၆-၆-၂၀၂၃၊ ဗီယင်နာမြို့)

(၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် United Nations Office on Drugs and Crime (UNODC) ၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာ ထုတ်ဝေသည့် အခမ်းအနားကို (၆၆) ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် (Commission on Narcotic Drugs–CND) အလှည့်ကျဥက္ကဋ္ဌ ကိုလံဘီယာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် H.E. Mr. Miguel Camilo RUIZ BLANCO က ကြီးမှူး၍ ၂၆-၆-၂၀၂၃ ရက်တွင် ဗီယင်နာအပြည်ပြည်ဆိုင်ရာ စင်တာ၌ ကျင်းပခဲ့ရာ သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း နှင့် ဘာသာရပ်တာဝန်ခံ သံမှူး ဦးရဲမောင်သိမ်းတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် CND အလှည့်ကျဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး နောက် UNODC အမှုဆောင်ညွှန်ကြားရေးမှူး Ms. Ghada WALY က အွန်လိုင်းမှတစ်ဆင့် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့နောက် ၂၀၂၃ခုနှစ်အတွက် ထုတ်ဝေသည့် ကမ္ဘာ့ မူးယစ်ဆေးဝါး အစီရင်ခံစာနှင့်ပတ်သက်၍ UNODC ၏ Chief of Research and Trend Analysis Branch ဖြစ်သူ Ms. Angela Me က အစီရင်ခံစာပါ အဓိကတွေ့ရှိချက်များကို ကောက်နုတ်ရှင်းလင်းပြောကြားခဲ့ပြီး၊ အမေရိကန်နိုင်ငံ၊ သြစတေးလျနိုင်ငံနှင့် မလေးရှား နိုင်ငံတို့မှ တက္ကသိုလ်ပါမောက္ခများ၊ CND Youth Forum၏ လူငယ်ကိုယ်စားလှယ်နှင့် ဗီယင်နာမြို့ အခြေစိုက် NGO ကော်မတီ ဥက္ကဋ္ဌတို့ကဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဗီယင်နာမြို့အခြေစိုက် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများမှ အမြဲတမ်း ကိုယ်စားလှယ်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။


CHAIR CND
COMMISSION ON
NARCOTIC DRUGS
SECRETARY
UNITED NATIONS COMMISSION ON NARCOTIC DRUGS


COMMISSION ON
NARCOTIC DRUGS
CHIEF
RESEARCH AND
TREND ANALYSIS BRANCH
CHAIR CND
SECRETARY
CHAIR
VIENNA NGO COMMITTEE
UNITED NATIONS COMMISSION ON NARCOTIC DRUGS


MYANMAR
SAN MARINO


PAKISTAN
AZERBAIJAN
CZECHIA

